Mr. Diijon DaCosta, Sr., *ဥက္ကဋ္ဌ*
Mrs. Deirdre P. Pierce ၊ *ဒုဥက္ကဋ္ဌ*
Mrs. Anna Hill
Ms. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County School District

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

အောက်တိုဘာလ 4 ရက်၊ 2023

## GaDOE သည် သိသာထင်ရှားသော ပညာရေးအောင်မြင်မှုနှင့် တိုးတက်မှုအတွက် DCSD Title 1 ကျောင်းအများအပြားကို ဂုဏ်ပြုခြင်း

(STONE MOUNTAIN, GA) – အောက်တိုဘာလ 2 ရက်နေ့တွင် Georgia ပညာရေးဌာန (*GaDOE*) သည် များစွာသော DeKalb ကောင်တီခရိုင်ကျောင်း(*DCSD*) မှ 2022-2023 *ထူးချွန်ပြီး ဆုရရှိသောကျောင်းများစာရင်းကို* မီးမောင်းထိုးပြ ထုတ်ပြန်ခဲ့သည်။ *ထူးချွန်ကျောင်းများ* သတ်မှတ်ချက်သည် Georgia ရှိ စွမ်းဆောင်ရည်အမြင့်ဆုံး Title I ကျောင်းများကို အသိအမှတ်ပြုပြီး *ဆုရကျောင်းများ* သတ်မှတ်ချက်သည် Title I ကျောင်းများကို အထူးခြားဆုံး တိုးတက်မှုကို အသိအမှတ်ပြုပါသည်။

ကြီးကြပ်သူဌာနမှူး Dr. Devon Horton သည် ဤကောင်းမွန်ထိုက်တန်သော အသိအမှတ်ပြုမှုများ ရရှိရန် ဖွဲလုံ့လဖြင့် အောင်မြင်နေသော DCSD ကျောင်းများကို ချီးကျူးခဲ့ပါသည်။

"ဒီထူးချွန် Title 1 ကျောင်းများမှာ ပညာရေးထူးချွန်မှုနဲ့ ကျောင်းသားတိုးတက်မှုအတွက် ကတိကဝတ်ပြုထားတာကို မြင်တွေ့ရခြင်းဟာ စိတ်အားထက်သန်စရာဖြစ်ပါတယ်" ဟု Dr. Horton က ဆိုပါသည်။ "ကျွန်တော်တို့ ကျောင်းသား၊ ပညာပေးဆရာ၊ ဝန်ထမ်း နဲ့ ကျောင်းအသိုင်းအဝိုင်း တစ်ခုလုံး တို့ရဲ့ စေတနာနဲ့ ကြိုးစားအားထုတ်မှုဟာ မှန်ကန်တဲ့ပံ့ပိုးမှုနဲ့ အခွင့်အလမ်း တွေကို ပံ့ပိုးပေးတဲ့အခါ ကလေးတိုင်း ထူးချွန်နိုင်စေနိုင်ဖို့ ကျွန်တော်တို့ရဲ့ယုံကြည်ချက်ကို အားဖြည့်ပေးပါတယ်။"

ပြည်နယ် ကြီးကြပ်သူဌာနမှူး Richard Woods သဘောတူပါသည်။ ၎င်းက "ဒီစာရင်းမှာပါတဲ့ ကျောင်းတွေဟာ အတားအဆီးတွေကို ကျော်လွှားဖို့ စိန်ခေါ်မှုတွေကို တွေ့ကြုံရပြီး သူတို့ရဲ့ ကျောင်းသားတွေအတွက် ကြီးမားတဲ့ အကျိုးအမြတ်တွေ ဖြစ်ပေါ်ရရှိရာမှာ အရေးပါတဲ့ အားထုတ်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ 2022-23 ကျောင်းသားအောင်မြင်မှုအတွက် အခွင့်အလမ်းတွေဖန်တီးပေးတဲ့ ကျောင်းခေါင်းဆောင်များ၊ ဆရာများ၊ မိဘများနဲ့ ရပ်ရွာအသိုင်းအဝိုင်းတွေကို ကျွန်တော် ဂုဏ်ပြုချီးမြှင့်ပါတယ်" ဟုပြောဆိုခဲ့ပါသည်။

**ထူးချွန်ကျောင်းများသည်** ပြီးခဲ့သောနှစ်၏ ပြည်နယ်အနှံ့ အကဲဖြတ် ချက်များမှ ပေါင်းစပ် ELA နှင့် သင်္ချာအကြောင်းအရာ ကျွမ်းကျင်မှုရမှတ်များအပေါ် အခြေခံ၍ Title I Schoolwide နှင့် Title I ပစ်မှတ်ထားသော ပံ့ပိုးကူညီမှုကျောင်းများ၏ 5% စွမ်းဆောင်ရည်အမြင့်ဆုံးကျောင်းများထဲတွင် ပါဝင်ပါသည်။ DCSD အသိအမှတ်ပြုမှုရရှိသော ကျောင်းများမှာ -

- Chesnut မူလတန်းကျောင်း
- Dekalb Early College Academy ကျောင်း
- Laurel Ridge မူလတန်းကျောင်း
- Livsey မူလတန်းကျောင်း
- Robert Shaw Theme ကျောင်း
- မြင့်မားသောအောင်မြင်သူများအတွက် Wadsworth Magnet ကျောင်း

-နောက်တစ်မျက်နှာ-

**ဆုရရှိသောကျောင်းများ** သည် မကြာသေးမီနှစ်နှစ်အတွင်း နိုင်ငံတဝှမ်း အကဲဖြတ်မှုများမှ အကြောင်းအရာကျွမ်းကျင်ရမှတ်များကို နှိုင်းယှဉ်သောအခါတွင် Title I Schoolwide နှင့် Title I Targeted Assistance ကျောင်းများ၏ 5% တွင် အကြီးကျယ်ဆုံးတိုးတက်ကောင်းမွန်သောကျောင်းများထဲတွင် ပါဝင်ပါသည်။ ဤအောင်မြင်မှုအတွက် အသိအမှတ်ပြုထားသော DCSD ကျောင်းများမှာ -

Allgood မူလတန်းကျောင်း
Avondale မူလတန်းကျောင်း
DeKalb စိုက်ပျိုးရေးနည်းပညာနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ကျောင်း
DeKalb Elementary School of the Arts
DeKalb PATH Academy Charter ကျောင်း
Dunaire မူလတန်းကျောင်း
Edward L. Bouie, Sr. မူလတန်းကျောင်း
Hambrick မူလတန်းကျောင်း
Hawthorne မူလတန်းကျောင်း
Idlewood မူလတန်းကျောင်း
Kelley Lake မူလတန်းကျောင်း
Laurel Ridge မူလတန်းကျောင်း
Livsey မူလတန်းကျောင်း
Robert Shaw Theme ကျောင်း
Woodward မူလတန်းကျောင်း
Wynbrooke မူလတန်းကျောင်း

ဤအသိအမှတ်ပြုမှုများအတွက် အသေးစိတ်စံနှုန်းများအတွက် ဤနေရာ ကိုနှိပ်ပါ။ GaDOE ၏ 2022-2023 ပညာသင်နှစ်အတွက် ထူးချွန်ကျောင်းများ နှင့် ဆုချီးမြှင့်သော ကျောင်းများ ၏ စာရင်းအပြည့်အစုံအတွက် ဤလင့်ခ်များကို နှိပ်ပါ။

XXX

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200 | www.dekalbschoolsga.org